# ၁၆ – ရာစုအတွင်း မြန်မာဘာသာစကား ဖွံ့ဖြိုးတိုးတက်လာပုံ

ပါရဂူ (PhD) ဘွဲ့အတွက်တင်သွင်းသောကျမ်း

မနီနီတင်

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၆–ခုနှစ်၊ ဧပြီလ

ကျမ်းအကျဉ်းချုပ်

'၁၆–ရာစုအတွင်း မြန်မာဘာသာစကားဖွံ့ဖြိုးတိုးတက်လာပုံ' ကျမ်းတွင် ၁၆–ရာစုအတွင်းရေးထိုးခဲ့သော ကျောက်စာများနှင့် စာပေများမှ ဘာသာစကားဆိုင်ရာ အချက်အလက်များကိုဖော်ထုတ်၍ လေ့လာတင်ပြထားပါသည်။

အခန်း ၁ တွင် မြန်မာဘာသာစကားအကြောင်းနောက်ခံ၊ မြန်မာဘာသာစကားမျိုးရိုး၊ မြန်မာဘာသာစကား၏သွင်ပြင်လက္ခဏာများ၊ မြန်မာဘာသာစကားနှင့် သက္ကတဘာသာစကား၊ ပျူဘာသာစကား၊ မွန်ဘာသာစကား၊ ပါဠိဘာသာစကားတို့၏ ဆက်စပ်မှုအကြောင်းကို ဖော်ပြထားပါသည်။

အခန်း ၂ တွင် စာအရေးအသားစနစ်နှင့် စကားသံဖွဲ့ပုံဖွံ့ဖြိုးမှုကို တင်ပြရာ၌ မြန်မာစာအရေးအသားစနစ်၊ စကားသံဖွဲ့ပုံစနစ်၊ ဗျည်းသံ၊ သရသံ၊ တက်ကျသံဖွံ့ဖြိုးမှုတို့ကို လေ့လာတင်ပြထားပါသည်။

အခန်း ၃ တွင် သဒ္ဒါဖွံ့ဖြိုးမှုကို တင်ပြရာ၌ ဖွဲ့စည်းပုံအရ စကားလုံးအမျိုးအစားခွဲခြင်း၊ ပုဒ်ဖွဲ့စည်းပုံအရ၊ အခြေခံနာမ်ပုဒ်၊ တိုးချဲ့နာမ်ပုဒ်၊ အခြေခံကြိယာပုဒ်၊ တိုးချဲ့ကြိယာပုဒ်၊ ဝါကျရိုး၊ ဝါကျရောများအကြောင်း တင်ပြထားပါသည်။

အခန်း ၄ တွင် အနက်အဓိပ္ပာယ်ဖွံ့ဖြိုးတိုးတက်ပုံကို တင်ပြရာတွင် ဥပစာတင်စားမှုများ အကြောင်း၊ စကားလုံးများအနက်အဓိပ္ပာယ်အရ ဖွံ့ဖြိုးတိုးတက်လာပုံကို အတ္ထဗေဒအမြင်ဖြင့် အနက်အဓိပ္ပာယ်ဖွဲ့ယှက်မှုအရ ဖွံ့ဖြိုးတိုးတက်လာပုံများ၊ မွေးစားစကားလုံးများကြောင့် အနက်အဓိပ္ပာယ်ဖွံ့ဖြိုးတိုးတက်လာခြင်း၊ ကြိယာပွားများကြောင့် ဖွံ့ဖြိုးတိုးတက်ပုံ၊ အလင်္ကာများဖွံ့ဖြိုးတိုးတက်ခြင်းများကို လေ့လာတင်ပြထားပါသည်။

ထို့နောက်တွင်မှ ခြုံငုံသုံးသပ်ချက်၊ နိဂုံး၊ ညှိနှိုင်းကိုးကားထားသောကျမ်းစာရင်း၊ ဝေါဟာရအညွှန်းနှင့် နောက်ဆက်တွဲအလေ့လာခံကျောက်စာအမည်စာရင်းကို တင်ပြထားပါသည်။